ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၊ ၇၄ /၂၀၂၀**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများသည် အရေးပါသည့် အစိတ်အပိုင်း တစ်ရပ်အဖြစ်ပါဝင်လျက်ရှိသဖြင့် ယင်းအဖွဲ့အစည်းများ၏ ဝင်ငွေခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ယင်းအဖွဲ့အစည်းများသို့ ရန်ပုံငွေထည့်ဝင်လှူဒါန်းရာတွင် ထည့်ဝင်လှူဒါန်းသူများကို ဝင်ငွေခွန် ဥပဒေနှင့်အညီ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုနိုင်ရန်အလို့ငှာ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ပုဒ်မခွဲ (ခ) နှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤလုပ်ထုံးလုပ်နည်းများကို **အကျိုးအမြတ်မယူသော အဖွဲ့အစည်းများအား အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

**အကျိုးအမြတ်မယူသောအဖွဲ့အစည်း** ဆိုသည်မှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း (Non-Governmental Organization)၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International Non-Governmental Organization)၊ ပုဂ္ဂလိကဖောင်ဒေးရှင်း (Private Foundation)၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်း (Civil Society Organization) နှင့် အလားတူ အဖွဲ့အစည်းများကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤလုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ၏ အခွန်ဆိုင်ရာတာဝန်များနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာရမည့်ကိစ္စရပ်များကို ရှင်းလင်းမှုရှိစေရန်နှင့် အခွန်ဆိုင်ရာ ခံစားခွင့်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိစေရန်၊

(ခ) ယင်းအဖွဲ့အစည်းများကို အသုံးချ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု(Anti-Money Laundering and Countering Financing Terrorism) မှ တားဆီးကာကွယ်နိုင်ရေးအတွက် အထောက်အကူပြုရန်။

## အခန်း(၃)

## အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် မှတ်ပုံတင်အမှတ်သတ်မှတ်ခြင်း

၄။ အကျိုးအမြတ်မယူသောအဖွဲ့အစည်းသည် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာသတင်းအချက်အလက်များ ပေးပို့နိုင်ရေးအတွက် အခွန်ထမ်း

မှတ်ပုံတင်အမှတ် (Taxpayer Identification Number) ကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် ရုံးတွင် သတ်မှတ်ထားသည့်ပုံစံဖြင့် လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်ရုံးသည် အပိုဒ် ၄ ပါ လျှောက်ထားချက်ကို စိစစ်ပြီး အခွန်ထမ်း မှတ်ပုံတင်အမှတ် (Taxpayer Identification Number) ကို သတ်မှတ်ပေးရမည်။

## အခန်း(၄)

## အသိအမှတ်ပြုသည့်အဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း

၆။ အကျိုးအမြတ်မယူသော အဖွဲ့အစည်းသည် ဝင်ငွေခွန်ဆိုင်ရာကင်းလွတ်ခွင့်များ၊ ထည့်ဝင်လှူဒါန်းသူများ၏ စရိတ်နုတ်ပယ်ခွင့်ဆိုင်ရာကိစ္စရပ်များအတွက် အသိအမှတ်ပြုသည့် အဖွဲ့အစည်း အဖြစ် လျှောက်ထားလိုပါက ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်ရုံးတွင် သတ်မှတ်ထားသည့်ပုံစံ ဖြင့် လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားရာတွင် အောက်ပါအချက်အလက်များပါရှိရမည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်တစ်ခုခုတွင် အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) ကို အသုံးပြု၍ ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအမှတ်၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့ အစည်းတွင် မှတ်ပုံတင်ရန်လိုအပ်သည့် အဖွဲ့အစည်းဖြစ်ပါက ယင်းအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်၊

(ဂ) အဖွဲ့အစည်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်း သို့မဟုတ် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းမိတ္တူ၊

(ဃ) ယခင်ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်း ။

၇။ ညွှန်ကြားရေးမှူးချုပ်သည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းကို အသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရမည် -

(က) ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းရန်သက်သက်ကိုသာ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပြီး ယင်းရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေအနေဖော်ပြချက်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများတွင် အပိုဒ်ခွဲ (က) ပါ ရည်ရွယ်ချက်နှင့်အညီ ဖော်ပြထားခြင်း၊

(ဂ) အဖွဲ့အစည်း၏ဝင်ငွေ၊ ရန်ပုံငွေများနှင့် ရရန်ပိုင်ခွင့်များကို အဖွဲ့အစည်း၏ အဖွဲ့ဝင် သို့မဟုတ် ယင်းအဖွဲ့ဝင်နှင့် ပတ်သက်ဆက်နွှယ်မှုရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂလိက အကျိုးခံစားခွင့်အတွက် အသုံးမပြုခြင်း သို့မဟုတ် အသုံးမပြုနိုင်စေရန် ကန့်သတ်ထားခြင်း၊

(ဃ) အကျိုးအမြတ်မယူသော အဖွဲ့အစည်းကို စာရင်းရှင်းလင်း ဖျက်သိမ်းပြီးနောက် ကျန်ရှိသည့် အဖွဲ့အစည်းပိုင်ငွေ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို အပိုဒ်ခွဲ (က) ပါ ကိစ္စရပ်များအတွက်သာ အသုံးပြုရန် သတ်မှတ်ထားခြင်း။

၈။ အပိုဒ် ၆ အရ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း၏ အသိအမှတ်ပြုပေးရန် လျှောက်ထားချက်အပေါ် အပိုဒ် ၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း စိစစ်တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဖွဲ့အစည်းအား အသိအမှတ်ပြုသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

၉။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် အသိအမှတ်ပြုသည့် အဖွဲ့အစည်းများ၏ အမည်စာရင်းကို အခါအားလျော်စွာ ကြေညာရမည်။

## အခန်း(၅)

## အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများ၏တာဝန်များ

၁၀။ အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများသည် အသိအမှတ်ပြုသည့်အဖွဲ့အစည်း ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ အောက်ပါအခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ဝင်ငွေ၊ အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် စာရင်းနှင့် စာတမ်းအမှတ်အသားများကို အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းများနှင့်အညီ ထိန်းသိမ်းခြင်း၊

(ခ) ကြေညာလွှာတင်သွင်းခြင်း၊

(ဂ) တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

၁၁။ အသိအမှတ်ပြုသည့်အဖွဲ့အစည်းသည် အပိုဒ် ၇ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိလျှင်ဖြစ်စေ၊ အဖွဲ့အစည်းကို ဖျက်သိမ်းလျှင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်ထံ ဆောလျင်စွာ တင်ပြရမည်။

## အခန်း(၆)

## အသိအမှတ်ပြုသည့် အဖွဲ့အစည်းများ၏ အခွင့်အရေးများနှင့် အသိအမှတ်ပြုသည့်အဖွဲ့အစည်းများကို ရန်ပုံငွေထည့်ဝင် လှူဒါန်းသူများ၏ အခွင့်အရေးများ

၁၂။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အသိအမှတ်ပြုသည့်အဖွဲ့အစည်းများက ရရှိသည့် ဝင်ငွေကို ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအတွက်သာ အသုံးပြုကြောင်း စိစစ်တွေ့ရှိရလျှင် ဝင်ငွေခွန်ဥပဒေနှင့်အညီ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရမည်။

၁၃။ အသိအမှတ်ပြုသည့် အဖွဲ့အစည်းများအား ရန်ပုံငွေထည့်ဝင်လှူဒါန်းသူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စရိတ်နုတ်ပယ်ခွင့် ရှိစေရမည်။

## အခန်း(၇)

## အသိအမှတ်ပြုသည့်အဖွဲ့အစည်းအဖြစ်မှပယ်ဖျက်ခြင်း

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၁၁ အရ အသိအမှတ်ပြုသည့်အဖွဲ့အစည်းက တင်ပြလာလျှင်ဖြစ်စေ၊ အသိအမှတ်ပြုသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အပိုဒ် ၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း မရှိကြောင်း စိစစ်တွေ့ရှိလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသည့်နေ့မှစ၍ အသိအမှတ်ပြုသည့်အဖွဲ့အစည်းအဖြစ်မှ ပယ်ဖျက်ရမည်။

## အခန်း(၈)

## အထွေထွေ

၁၅။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများအား အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ရမည်။

၁၆။ ဤလုပ်ထုံးလုပ်နည်းများသည် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

**************************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၃၅၅၂ / ၂၀၂၀)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး

ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ⎤ မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁) တွင် ထည့်သွင်း

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎦ ကြေညာပေးပါရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် ⎤ ညီနောင်အသင်းများအား

စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ⎦ ဖြန့်ဝေပေးပါရန်။

ရုံးဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်